# Burmese A: literature – Higher level – Paper 1
# Birman A : littérature – Niveau supérieur – Épreuve 1
# Birmano A: literatura – Nivel superior – Prueba 1

Wednesday 10 May 2017 (afternoon)
Mercredi 10 mai 2017 (après-midi)
Miércoles 10 de mayo de 2017 (tarde)

2 hours / 2 heures / 2 horas

---

**Instructions to candidates**

- Do not open this examination paper until instructed to do so.
- Write a literary commentary on one passage only.
- The maximum mark for this examination paper is **[20 marks]**.

**Instructions destinées aux candidats**

- N’ouvrez pas cette épreuve avant d’y être autorisé(e).
- Rédigez un commentaire littéraire sur un seul des passages.
- Le nombre maximum de points pour cette épreuve d’examen est de **[20 points]**.

**Instrucciones para los alumnos**

- No abra esta prueba hasta que se lo autoricen.
- Escriba un comentario literario sobre un solo pasaje.
- La puntuación máxima para esta prueba de examen es **[20 puntos]**.

2217 – 0517



© International Baccalaureate Organization 2017

အောက်ပါတို့အနက်မှ **တစ်ခု**အပေါ် စာပေသုံးသပ်ချက် ရေးပါ။

**1.**

**စနေသားကျောင်း**

နွားများကို စားကျက်ထဲ လွှတ်ထားပြီး မပျောက်မရှ မထိမခိုက်ရလေအောင် စောင့်ကြည့်ခြင်းကို 'နွားကျောင်း' သည်ဟု ဆိုကြသည်။

ထိုသို့ဆိုလျှင် သားအား ကစားကွင်းထဲတွင်လွှတ်ထားပြီး သူကစားနေသည်ကို စောင့်ကြည့်နေခြင်းအား 'သားကျောင်း' ခြင်းဟု ခေါ်ရမည်ဖြစ်သည်။ ဤစနေရုံးပိတ်ရက်က ကျွန်တော် သားကျောင်းနေခဲ့ရသည်။

ရန်ကုန်မြို့၏ ဆောင်းဝင်စ ညနေသုံးနာရီနှင့် ကျွန်တော့်ကြားတွင် ကြီးမားသော မှန်ချပ်ကြီးက စည်းခြားထားသည်။

ကျွန်တော်က အထပ်အမှတ် (၄) ရှိ လေအေးစက်ဖွင့်ပေးထားသော ကလေးကစားကွင်းတစ်ခုထဲတွင် ရှိနေပြီး ရန်ကုန်မြို့ကမူ ထိုမှန်ချပ်၏ အပြင်ဘက်တွင် ငြိမ်သက်စွာရှိနေသည်။

ကောင်းကင်မှိုင်းသည်။

အအေးဓာတ်မသက်သော မွန်းလွဲပိုင်းဖြစ်၏။

လှမ်းတွေ့ရသမျှ သစ်ပင်တို့မှာ ငုတ်တုတ်မေ့နေသလိုမျိုး ငြိမ်သက်လွန်း။ သေသေချာချာ ကြည့်လျှင် သစ်ရွက်ကလေးများ လှုပ်ရုံကလေး လှုပ်ရှားနေသည်ကို မြင်ရမည်။ လေသည် အသက်ရှိရုံကလေး တိုးဝှေ့ပြနေပုံရသည်။

မြန်မာဘီယာတစ်ဘူး ၅၂၀၊ လက်ဖက်တစ်ပွဲ ၃၀၀ ပေးပြီး စားပွဲတစ်လုံး အလကားရယူကာ ထိုင်နေမိ၏။ (၂၀၀၄ ခု၊ နိုဝင်ဘာလ ဈေးနှုန်းဖြစ်ပါသည်) မျက်လုံးက မှန်ချပ်ကြီး အပြင်ဘက်ရှိ ရန်ကုန်မြို့သေကို ငုံ့ကြည့်နေသော်လည်း လူနှင့်နားက အသံတို့ဖြင့် ပွက်ပွက်ဆူနေသော ကစားကွင်းထဲတွင် အကျဉ်းကျနေသည်။

ကြွပ်ကြွပ်အိတ်ထဲမှာ တစ်ထောင်ကျော်တန် စာအုပ်သုံးအုပ်ရှိသည်။ လောလောလတ်လတ် အောက်ထပ်မှ ဝယ်လာသော စာအုပ်များဖြစ်သည်။ ဆရာကြီး ဒေါက်တာသန်းထွန်း၏ 'ကုမာအောင်က လူစားကျား'၊ နေဝင်းမြင်း၏ 'အာရှတိုက် ယွန်းပေါင်ပုရပိုက်' နှင့် 'လွင်ပြင်မြက်ခင်းများ၏ အလွန်'။

ကျွန်တော့်ကိုယ်မှ ချွေးများ စို့စို့ထွက်နေသည်။

လေအေးစက်များသည် အခန်းထဲရှိ လူပရိသတ်၏ ကိုယ်ငွေ့ပူပူကို နိုင်ပုံမပေါ်။

ဘယ်စာအုပ် ဖတ်ရင်ကောင်းမလဲ။ ဘီယာတစ်ကျိုက် ကျိုက်လိုက်သည်။ လက်ဖက် တစ်မြုံမြုံ့လိုက်သည်။ ဇော်ဝင်းထွဋ်၏ အသည်းကွဲရေဒီယိုက အခန်းထဲတွင် အကျယ်ကြီး အော်ဟစ်နေ၏။ ကလေးများ ကစားကွင်းနှင့် သည်သီချင်း သိပ်မလိုက်ဖက်ဟု ထင်သည်။ ကလေးများ ပျော်ရွှင်စွာ အော်ဟစ်နေသံက အသည်းမကွဲ၊ တက်ကြွရွှင်လန်းလွန်းလှချည့်။

ကောင်မလေးငယ်ငယ် တစ်ယောက်က ပက်ပက်စက်စက် လည်ပင်းဟိုက်နေပုံကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသည်။ ရင်ဘတ်တစ်ဝိုက်သာမက ချက်ပေါ်အောင် တမင်တကာ ဖော်ထားသော ဘောင်းဘီ၏ အထက်ပိုင်း ဗိုက်သားကိုလည်း ကြည့်နေသည်။ ထိုကြည့်နေသူလည်း ကလေးလာကျောင်းသူတစ်ဦး ဖြစ်နိုင်ပါသည်။ ဖော်သားများဖြင့် ခေတ်ဆန်ပြနေသော ကောင်မလေးက ငါးနှစ်အရွယ် ထိုကလေးများသာ ဆော့ကစားခွင့်ရှိသော ပူစီဖောင်းကန်ပေါင် နိမ့်နိမ့်တွင် ထိုင်နေပြီး၊ ကြည့်သူက အနီးရှိ ပလတ်စတစ်ခုံအမြင့်တွင်ထိုင်ကာ ကြည့်နေခြင်း ဖြစ်သည်။

ထိုကောင်မလေးကို ကြည့်ရသည်မှာ သူ့ကိုယ်ပိုင်ပစ္စည်းများကို ဗန်းတစ်ချပ်ပေါ်တွင်တင်ပြီး အရပ်တကာ လှည့်ရောင်းနေသည့် ဈေးသည်ကို သတိရစေ၏။ ဘယ်ဂျာနယ်ထဲမှာ ဖတ်ဖူးလိုက်သလဲ၊ နိုင်ငံရပ်ခြားသို့ပို့ပြီး ပညာသင်ခိုင်းသော ဆယ်ကျော်သက်အရွယ်သမီးက ချက်မှာ အပေါက်ဖောက်ပြီး သံကွင်းချိတ်ထားသည့်ဓာတ်ပုံကို မြန်မာပြည်မှ သူ့မိဘထံ ပို့လိုက်သည်တဲ့။ ပို့ရုံမျှမက ရန်ကုန်တွင်ကျန်ရစ်သော သူ့မောင်လေးတောင်းဆိုနေသည့်အတိုင်း ထိုမောင်ဆိုးလေးကို နားကွင်းဖောက်ခွင့် မပြုပါက သူ့ဗိုက်တွင် နောက်ထပ်သံကွင်းတစ်ကွင်း ထပ်ဖောက်မည်ဟု ခြိမ်းခြောက်ပါသတဲ့။

ဘာတွေဖြစ်ကုန်ပြီလဲ။

ဘယ်အကြောင်းအရာတွေ ခေါင်းထဲဝင်လာတာလဲ၊ ကိုယ့်ကိုယ်ကိုယ် အလန့်တကြားပြန်မေးမိသည်။

မပေါ့တပေါ်များကို ခိုးဝှက်ကြည့်ခြင်းဖြင့် သူ့စိတ်ထဲတွင် တစ်စုံတစ်ရာ ပေါ်ပေါက်လာနိုင်သည်လား။

ကံကောင်းထောက်မသည်မှာ ထိုသူသည် စိတ်ကိုဖြေလျှော့သည့်အနေဖြင့် သူ့လက်မှာကိုင်ထားသော စီးကရက်ကို မီးမညှိခြင်းပင် ဖြစ်သည်။ ဆေးလိပ်သောက်ခြင်းကို တားမြစ်သည့် စာတမ်းများ၊ သင်္ကေတများ၊ အနီးအနားတွင် မမြင်မိ။ ဆေးလိပ်သောက်တတ် သူများအတွက် သီးခြား ပြုလုပ်ပေးထားသော နေရာမရှိ၊ ပူအိုက်စပြုနေသော ထိုအခန်းထဲတွင် မီးခိုးငွေ့များ မွှန်ထူနေပါက အတော်နေရထိုင်ရခက်ကြရမည်။

ကျွန်တော်ဝယ်လာသောဘီယာက သောက်ကောင်းလှသည်အထိ မအေး။

ကလေးတွေစုပေါင်းအော်ဟစ်သံသည် ကစားကွင်းထဲမှာ လျှံထွက်နေ၏။

စာအုပ်တစ်အုပ်လောက်ဖတ်ရင်း အချိန်တွေကို ကျော်ဖြတ်တာ အကောင်းဆုံးဖြစ်မည် ထင်သည်။ သည်ကုန်တိုက်မှ ဝယ်ယူထားပြီးပစ္စည်းများဖြစ်ကြောင်း သိသာအောင် ပိတ်ကပ်ထားသည့် ကြွပ်ကြွပ်အိတ်ပေါ်မှအစိမ်းရောင် ပလတ်စတစ်ကြိုးကို ဖြေလိုက်သည်။

စာအုပ်တွေကို ဟိုမြည်းသည်မြည်း မြည်းကြည့်သည်။ စာအုပ်မြည်းသည့်အရသာသည် လက်ဖက်စားရသည့် အရသာနှင့်တော့ မတူ။ ဂျပန်ဝတ္ထုတိုတစ်ပုဒ်ကို တွေ့လိုက်သဖြင့် 'အာရှတိုက်ယွန်းပေါင်ပုရပိုက်' ကို ဖတ်မည်ဟု ရွေးလိုက်သည်။ 'မှော်မီးအိမ်' ကို ဖတ်ရန်အားယူတုန်း သားက နတ်သားတစ်ပါးလို ကျွန်တော့်ဘေးနား ဖြုန်းခနဲ ပေါ်လာသည်။ ကစားနေရာမှာ ပြေးလာခြင်းဖြစ်၏။

ကောင်လေးက လက်ဖက်တစ်ဇွန်းစားသည်။

ကျွန်တော့်ပါးကို တစ်ချက်နမ်းသည်။

လက်ညှိုးတစ်ချောင်းထောင်သည်။

လက်မနှင့် ပါးစပ်တော့ကာ တစ်စုံတစ်ရာမော့သောက်ဟန်ပြသည်။

သည့်နောက် လက်ဝါးဖြန့်သည်။

ကျွန်တော်က ငွေစက္ကူတစ်ရွက် ပေးလိုက်သည်။

သူ ကျေနပ်ပျော်ရွှင်စွာ ပြေးထွက်သွားသည်။

ကျွန်တော်တို့ သားအဖကြားတွင် စကားတစ်လုံးမျှမပါသော ဆက်သွယ်မှုများဖြင့် လိုရာပြီးမြောက်နေကြ၏။ အသံများဖြင့် ဆူညံပြည့်လျှံနေသော ရုပ်ဝန်းမှ အသံမပါဘဲ နားလည်စွာ ဆက်သွယ်ပြောဆိုရသည်မှာ အရသာရှိလှဘိ။

ငြိမ်အေးအိမ်၊ *မြန်မာဝတ္ထုတို* (၂၀၀၆)

**2.**

## ချင်း

ဘဝမှာ ချင်းတစ်ယောက်ဖြစ်ခဲ့တယ်။
ဒါကြောင့် ချင်းတစ်ယောက်အကြောင်း သိချင်ခဲ့တယ်။
ဒါ့ထက်
ငါတို့ဟာဘာလဲစူးစမ်းရင်း
ချင်းဆိုတာဘာလဲ စူးစမ်းမိရဲ့။
ငါတို့တွေဟာဘာလဲ ရှာဖွေရင်း
ချင်းတို့တွေဟာဘာလဲ ရှာဖွေမိရဲ့။

အခုတော့
ငါတို့စူးစမ်းမိသမျှ
သူများတွေပြောနေတယ်။
'အိမ်သည်က ဧည့်သည်ယောင်ဆောင်လို့'တဲ့။

ငါပြန်ပြောတယ်
ချင်းတွေက ဧည့်ဝတ်ကျေတယ်
ဒါပေမယ့် ချင်းတိုင်းဧည့်ဝတ်မကျေနိုင်ဘူး။
ချင်းတွေက ရိုးသားတယ်
ဒါပေမယ့် ချင်းတိုင်းမရိုးသားနိုင်ဘူး။
ချင်းတွေဟာ တောင်ပေါ်မှာနေတယ်
ဒါပေမယ့် ချင်းတိုင်းတောင်ပေါ်မှာ မနေနိုင်ဘူး။
ချင်းတွေက သစ္စာရှိတယ်
ဒါပေမယ့် ချင်းတိုင်းသစ္စာမရှိနိုင်ဘူး။
ချင်းတွေဟာ သဘောရိုးအယုံလွယ်တယ်
ဒါပေမယ့်ချင်းတိုင်း မအဘူး။
ချင်းတွေဟာ တောသူတောင်သားတွေများတယ်
ဒါပေမယ့် ချင်းတိုင်းမြို့ပြယဉ်ကျေးမှုကို မငြင်းပယ်ဘူး။
ဒီနေရာမှာ
ငါပြန်ပြောတာ မပြည့်စုံရင်
မင်းပဲ ဖြည့်ပြောလိုက်ပါ။
[…]

ဒီလိုပဲ ချင်းတွေဟာ မျိုးကွဲတွေ အများကြီး
ဘာလူမျိုးလဲ မေးတဲ့အခါ ချင်း ဆိုရင်
ဘာချင်းလဲ ထပ်မေးယူရတယ်။
ကျွန်တော်ကတော့ ‘ခင်ဗျားဘာလူမျိုးလဲ’ မေးရင်
‘ချင်းလူမျိုး’ လို့ဖြေတယ်
ဘာချင်းလဲ အရစ်ရှည်ရင်
စိုးမြတ်သူဇာကိုင်တဲ့ခြင်း
အဲသလို အပြောင်အပျက်နဲ့ ရီစရာ။
သိတာတွေကို သိတယ်ပြောရမှာ
အာတွေ့နေတဲ့ ခေတ်ကြီးထဲ
ရောက်ရာအရပ်က ရောက်ရှိဖို့
မရောက်ရာအရပ်ကလည်း ရောက်ရှိဖို့
ငါတို့ခေတ်ထဲ
ဖြေစရာ မေးခွန်းတွေက အများကြီး
မေးခွန်းတွေများလာလို့ပဲ ပိုပြီးရှင်သန်စိမ်းလန်းလို့။
အမြောက်ဆံက ဘုရားပန်းအိုးဖြစ်လာတာ ငြိမ်းချမ်းရေးပဲ
တချို့က ငြိမ်းချမ်းရေးအတွက်ဆိုပြီး
ဘုရားပန်းအိုးကို အမြောက်ဆံလုပ်ချင်ကြရဲ့။

ဘဝတစ်ခုဟာ သေပျော်နေပျော်တယ်ဆိုတာ
ပုံပြင်စာအုပ်ထဲ ရှာဖတ်ရမလို
အို . . . ချင်းတောင်တန်းရေ
မင်းကိုကြည့် ကြည့်ပြီး
ငါ့အဘိုး မသေခင်က ပြောဖူးတဲ့စကား သတိရတယ်
ချင်းဆိုတာ ချင်း(ဂျင်း) . . . တဲ့
နည်းနည်းပူတယ် စပ်တယ်
ဒါပေမယ့် ဆေးဖက်ဝင်တယ်။

ဒီကဗျာကလည်း ‘ချင်း’ပါပဲ
နည်းနည်းပူမယ် စပ်မယ်
ဒါပေမယ့် ဆေးဖက်ဝင်သလားဆိုတာ။

ဒီလိုမေးလို့ တစ်ဆိတ် စိတ်တော့မရှိပါနဲ့
ငါက ရိုးရိုးသားသားပါ
ပြောစရာရှိတာ ပြောပြီး
မေးရင်ပြန်မဖြေတတ်တဲ့
ရိုးရိုးအအ ချင်းတစ်ယောက်ဆိုလည်း ဟုတ်ပါတယ်။

မြကဗျာ၊ www.poetryinternationalweb.net (၂၀၀၉) မှ ဆီလျော်သလို သုံးထားပါသည်။